Emergency Response
Coordination Unit

# ၂၀၂၅ မြန်မာ ငလျင် အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်


## ၁၊ ဧပြီ၊၂၀၂၅

## အခြေအနေ အနှစ်ချုပ်

အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းဆောင်ရွက်ရေးယူနစ်ကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့တွင် အခြေစိုက်နေသော အရပ်ဖက်လူထုဖွဲ့အစည်းများက တာဝန်ယူဖွဲ့စည်းထားပြီး မြေပြင်ပေါ်ရှိ ကယ်ဆယ်ရေးဆောင်ရွက်နေသူများ နှင့် စေတနာ့ဝန်ထမ်းများကို အဆင့်ဆင့် ချိတ်ဆက်ထားရှိပြီး အရေးပေါ်တုံ့ပြန်မှုကနဦး ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းရေးယူနစ်တခုအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

ယူနစ်တွင် ငလျင်ကြောင့် ထိခိုက်ခံစားရသည့် ဒေသများတွင် ရှိနေသော အရပ်ဖက်အဖွဲ့အစည်းများက ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ယူနစ်၏ အဓိက ရည်ရွယ်ချက်များမှာ အရေးပေါ်တုံ့ပြန်မှုညှိနှိုင်းရေး၊ အရင်းအမြစ်များစုစည်းနိုင်ရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုတို့ ပါဝင်ပြီး ငလျင်ကြောင့် ထိခိုက်ခံစားရမှုများအား ထိရောက်မြန်ဆန်စွာ တုံ့ပြန်နိုင်ရေး ရည်ရွယ်ပါသည်။

လွတ်လပ်သောသတင်းမီဒီယာ တခုဖြစ်သည့် ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) ၏ အဆိုအရ မြေငလျင်ကြောင့် သေဆုံးသူအရေအတွက်မှာ **၃၇၅၆ ဦးအထိ** ရောက်ရှိနေပြီး မန္တလေးဒေသတွင် သေဆုံးမှု အရေအတွက် အများဆုံးဖြစ်သည်ဟု ဖော်ပြထားသည်။ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အရေးကြီးသော အချိန်ကာလများကို ကျော်လွန်သွားပြီဖြစ်သော်လည်း ကယ်ဆယ်ရေး လုပ်ငန်းများအား ဆက်လက် ဆောင်ရွက်ဆဲဖြစ်သည်။။ အင်တာနက်အသုံးပြုရန် ခက်ခဲမှုများနှင့် သတင်းမီဒီယာများအနေဖြင့် မျက်မြင်လေ့လာဖော်ပြခွင့်အပေါ် ကန့်သတ်ချက်များကြောင့် သေဆုံးသူအရေအတွက်အား သတင်းတင်ပြရာတွင် နှောင့်နှေးစေခဲ့သလို သေဆုံးမှုအရေအတွက်များလည်း ထပ်မံ၍ တဖြည်းဖြည်းတက်လာနိုင်သည်။




## မန္တလေး

မန္တလေးမြို့တွင် ပျက်စီးသွားသည့် အဆောက်အဦးများနှင့် ထိခိုက်သွားသော အဆောက်အဦ များအပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်နေစဉ်အတွင်း မြေပြင်ပေါ်ရှိ ကွန်ရပ်တို့၏ အဖွဲ့က မြေငလျင်ကြောင့် ပျက်စီးထိခိုက်ခဲ့သော အဆောက်အဦ စုစုပေါင်း ၇၁၂လုံးကို အချက်အလက် ကောက်ယူ၍ မှတ်တမ်းတင်နိုင်ခဲ့သည်။

ငလျင်ထိခိုက်ခံစားခဲ့ရသော ကနဦး လေးရက်တွင် ရေနှင့် စားနပ်ရိက္ခာများ အရေးတကြီးလိုအပ်ခဲ့ပြီး လေးရက်မြောက်နေ့တွင်မှ ရေနှင့် ရိက္ခာလိုအပ်ချက်များ ယခင်ထက် အတိုင်းအတာတခုအထိ လက်လှမ်းမီလာသည်ဟု မြေပြင် သတင်းအချက်အလက် ကောက်ယူနေသည့် ယူနစ်အဖွဲ့ဝင်များထံက သိရသည်။

Emergency Response Coordination Unit

မန္တလေးတွင် ငလျင်ကြောင့် ပျက်စီးမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော်လည်း ကယ်ဆယ်ရေး လုပ်ငန်းများက အကန့်အသတ် ဖြစ်နေသဖြင့် သေဆုံးမှုအရေအတွက်မှာ ပိုမိုစာရင်းကောက်ယူလာနိုင်သည် နှင့်အမျှ မြင့်တက်လာနိုင်သည်။

ငလျင်ထပ်မံလှုပ်ခြင်းနှင့် ကြံ့ခိုင်မှုအားနည်းနေသော အဆောက်အဦများ ထပ်မံပြိုကျနိုင်ခြေကို စိုးရိမ်ခြင်းကြောင့် လူများသည် လမ်းပေါ်တွင်သာ ဆက်လက်နေထိုင်နေရသဖြင့် အများသုံး အိမ်သာနှင့် ရေချိုးခန်းများလည်း လိုအပ်လျက်ရှိသည်။

အများပြည်သူအသုံးပြုနိုင်သော အိမ်သာများနှင့် ရေချိုးခန်းများ အလုံအလောက် မရှိသည့်အတွက် သန့်ရှင်းမှုကိစ္စမှာ အရေးကြီးသော အဓိကပြဿနာတရပ်ဖြစ်လာပြီး ကူးစက်ရောဂါ ဖြစ်ပွားနိုင်ခြေလည်း မြင့်တက်လျက်ပင် ရှိသေးသည်။

နိုင်ငံတကာက ကူညီကယ်ဆယ်ရေးအဖွဲ့များကို ဝင်ရောက်ကူညီခွင့် ပြုထားပြီး မန္တလေးတွင် တရုတ်နိုင်ငံက လာရောက်ကူညီသော ကယ်ဆယ်ရေးအဖွဲ့များက လုပ်ငန်းဆောင်ရွက်မှုများကို အဓိကထား ဆောင်ရွက်နေပါသည်။ သို့သော် စစ်ကောင်စီလက်အောက်ခံအုပ်ချုပ်ရေးအဖွဲ့များက ဒေသခံ ကူညီကယ်ဆယ် ရေးအဖွဲ့များ၏ အချက်အလက်ကောက်ခံမှုနှင့် လှူဒါန်းမှုများအပေါ် တင်းကျပ်မှုများ ဆောင်ရွက်နေသည်။

မန္တလေးမြို့ပေါ်တွင် ကယ်ဆယ်ရေးများ ပိုမို ဆောင်ရွက်လာသည်ကို တွေ့ရသော်လည်း မန္တလေးနှင့် ဆက်စပ်မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု အကန့်အသတ် ကြီးကြီးမားမား ရှိနေသည်ကို တွေ့ရသည်။

လတ်တလော အရေးပေါ် ကယ်ဆယ်ရေးများ များပြားလာသော်လည်း ရေတိုနှင့် ရေရှည်အတွက် လူနေထိုင်ရန် ခိုလှုံရာ နေရာများအပါအဝင် အများပြည်သူသုံး သန့်စင်ခန်းနှင့် ရေချိုးခန်းများ လိုအပ်ဆဲပင် ဖြစ်သည်။

Emergency Response
Coordination Unit

## အရေးပေါ် လိုအပ်ချက်များ

- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ

## စစ်ကိုင်း

ငလျင်ဒဏ်ကြောင့် ဒုတိယထိခိုက်ခံရမှု အများဆုံးဖြစ်သော စစ်ကိုင်းဒေသတွင် သေဆုံးမှုပေါင်း ၆၉၅ အထိ ရှိလာသည်ဟု ဒီမိုကရက်တစ်မြန်မာ့အသံ (DVB) သတင်းအရ သိရသည်။ စစ်ကိုင်းမြို့ပေါ်နှင့် ဆက်စပ်ဒေသများတွင် အင်တာနက်ပြတ်တောက်မှုနှင့် လျှပ်စစ်မီး ပြတ်တောက်မှုများ ဆက်လက် ဖြစ်ပေါ်နေ သည်။ နိုင်ငံတကာကူညီကယ်ဆယ်ရေးအဖွဲ့များ စစ်ကိုင်းမြို့သို့ ရောက်ရှိလာသော်လည်း အပျက်အစီးများ သည့်အတွက် ရပ်မိရပ်ဖများဖြင့် အလောင်းဖော်ခြင်းများ ဆောင်ရွက်နေရဆဲ ဖြစ်သည်။ စစ်ကိုင်းမြို့ပေါ်တွင် ကူညီကယ်ဆယ်ရေးများ ရရှိလာသော်လည်း ကျေးရွာများတွင်မူ ကယ်ဆယ်ရေးများ လက်လှမ်းမမီသည့် အတွက် ကူညီကယ်ဆယ်ရေး လိုအပ်ချက်များ မြင့်တက်နေဆဲ ဖြစ်သည်။ အထူးသဖြင့် မြေလွှာအက်ကြောင်း များကြောင့် ရေလမ်းကြောင်း ပြောင်းလဲပြီး ရေမထွက်တော့ခြင်း၊ တွင်းသစ်တူးရန် လိုအပ်ခြင်း စသည့် ပြန်လည်ထူထောင်ရေးလိုအပ်ချက်များ ဖြစ်ပေါ်နေသည်။

Emergency Response
Coordination Unit

## အရေးပေါ် လိုအပ်ချက်များ

- စောင်၊ ခြင်ထောင်နှင့် ဖျာများ
- ဆိုလာမီးများ
- ရိက္ခာခြောက်များ
- သောက်ရေနှင့် သုံးရေအတွက် ရေသန့်စင်ပစ္စည်းများ
- သေဆုံးခန္ဓာများအား ရှာဖွေနိုင်ရန် လိုအပ်ချက်
- ဆေးဝါးများ
- ခြင်ဆေးများ
- အိပ်စက်ခိုလှုံရာနေရာများ



ပုံ ( ၁ ) - စစ်ကိုင်းဒေသရှိ မြေလွှာပြတ်ရွှေ့ကြော



ပုံ ( ၂ ) - စစ်ကိုင်းဒေသရှိ မြေလွှာပြတ်ရွှေ့ကြော

**Emergency Response Coordination Unit**

## အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေးယူနစ်အနေဖြင့် မန္တလေးနှင့် စစ်ကိုင်း ဒေသများရှိ မြေပြင် ကူညီကယ်ဆယ်ရေး ဆောင်ရွက်နေသည့်အဖွဲ့များသို့ ချိတ်ဆက် ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ပါသည်။

ပဲခူး၊ ပျဉ်းမနားနှင့် အင်းလေးဒေသများသို့လည်း ပံ့ပိုးမှုများ ဆောင်ရွက်ရန်အတွက် ချိတ်ဆက်မှုများ ဆောင်ရွက်နေပါသည်။

## မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးဝန်ဆောင်မှုပေးသူများအားအကူအညီပေးရန်တောင်းဆိုခြင်း

၂၀၂၅ ခုနှစ် မတ်လ(၂၈)ရက်နေ့ နေ့လယ်က လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် ငလျင်ဒဏ် တိုက်ရိုက်ထိခိုက်ခဲ့သည့် ဒေသများတွင် လူပေါင်းများစွာအသက်ဆုံးရှုံးရခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် အဆောက်အဦ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်ခဲ့ပါသည်။

ငလျင်လှုပ်ခတ်ပြီး နောက်ပိုင်းတွင် ငလျင်ဒဏ်ပြင်းထန်စွာခံစားခဲ့ရသည့် ဒေသများအပါအဝင် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများထိခိုက်မှုနှင့်အတူ ဖုန်းလိုင်းခေါ်ဆိုရ ခက်ခဲသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ပါသည်။

ထိုသို့အခက်အခဲကြားမှာပင် မြန်မာနိုင်ငံရှိ ဆက်သွယ်ရေးအော်ပရေတာများသည် အော်ပရေတာ အချင်းချင်းဖုန်းခေါ်ဆိုမှုနှင့် စာတိုပေးပို့မှုများကို ရက်အကန့်အသတ်ဖြင့် အခမဲ့ဝန်ဆောင်မှု ကမ်းလှမ်းချက်များ လုပ်ဆောင် ခဲ့သည်ကိုလည်း တွေ့ရပါသည်။

သို့သော်ဒေသတစ်ခုတွင် သုံးစွဲနိုင်သော ဖုန်းအော်ပရေတာဝန်ဆောင်မှုသည် အခြားဒေသတစ်ခုတွင် သုံးစွဲရန်အခက် အခဲဖြစ်နေသည်များကိုလည်း မြေပြင်မှ ပြန်လည်ကြားသိခဲ့ရပါသည်။

ထို့ကြောင့် လက်ရှိ မြေပြင်အခြေအနေများနှင့်သင့်လျော်ပြီး ငလျင်ဒဏ်သင့်ဒေသများရှိ လူထု၏ ဆက်သွယ်ရေးဆိုင်ရာဒုက္ခတို့ကို ထိထိရောက်ရောက်လျော့ပါးသက်သာစေရေးအတွက်

**Emergency Response Coordination Unit**

အော်ပရေတာ အချင်းချင်း အစား မည်သည့်အော်ပရေတာမဆိုခေါ်ဆိုနိုင်သည့် အခမဲ့အကူအညီများ ပြောင်းလဲ လုပ်ဆောင် ပေးပါရန် တိုက်တွန်းတောင်းဆိုပါသည်။

## ဆက်သွယ်ရန်

*May (Signal - @May.512)*

*Win Min (Phone and Signal - +66 91-079-3505)*

*Htin Kyaw Aye (Signal - @kohtin.88)*

*Toe Toe (Signal - @toetoe15.67)*

*Kyi Nyein (Signal - +66 9 8209 2313)*

*Stan (Signal - @rebel_stan.52)*

---

*ယခု အစီရင်ခံစာသည် ဧပြီ ၁ရက် ၂၀၂၅ ခုနှစ်အတွက်ဖြစ်ပြီး အရေးပေါ်တုံ့ပြန်မှု ညှိနှိုင်းဆောင်ရွက်ရေး ယူနစ်အနေဖြင့် ရရှိလာသောအချက်အလက်များကို မှတည်၍ သတင်းထုတ်ပြန်မှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။*